"အသံ"

# "တရုတ်နိုင်ငံမှဆင်းရဲနွမ်းပါးလျှော့ချရေးစီမံကိန်း၏ အောင်မြင်သောအတွေ့အကြုံများကို အတုယူသင့်"

ဇွန်လ(၂၇)ရက်နေ့မှ (၂၉)ရက်နေ့ထိ တရုတ်နိုင်ငံနိုင်ငံတော်ကောင်စီဆင်းရဲနွမ်းပါးလျှော့ချမှုကော်မတီနှင့်ဖိလစ်ပိုင်နိုင်ငံတော် ဆင်းရဲနွမ်းပါးလျှော့ချရေးကော်မတီတို့ ပူးတွဲကြီးမှူးကျင်းပသော (၁၂)ကြိမ်မြောက်တရုတ်- အာဆီယံလူမှုဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးလျှော့ချရေးဖိုရမ်သည် ဖိလစ်ပိုင်နိုင်ငံမနီလာမြို့တွင် ကျင်းပခဲ့သည်။ တရုတ်နိုင်ငံနှင့်အာဆီယံ(၁၀)နိုင်ငံမှ အစိုးရဝန်ထမ်းများ၊ ကျွမ်းကျင်သူပညာရှင်များ၊ မီဒီယာသတင်းထောက်များ၊ လုပ်ငန်းရှင်များ၊ **NGO** အဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ(၁၂၀)ကျော်သည် အစည်းအဝေးပွဲသို့ တက်ရောက်ခဲ့သည်။ တက်ရောက်ခဲ့သော ဧည့်သည်တော်များသည် တရုတ်နိုင်ငံဆင်းရဲနွမ်းပါးလျှော့ချရေးစီမံကိန်းကို မြင့်မားစွာအများဆုံးချီးမွမ်းခဲ့ကြပြီး တရုတ်နိုင်ငံနှင့်အတူအဆိုပါစီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် မျှော်လင့်ပါသည်။

အစည်းအဝေးပွဲကို တက်ရောက်သည့် ကိုယ်စားလှယ်များသည် "ဆင်းရဲနွမ်းပါးလျှော့ချရေးစီမံကိန်းတွင် မိတ်ဖက်ဆက်ဆံရေး နက်ရှိုင်းစေခြင်းပူးပေါင်းဆောင်ရွက်ရန် တရုတ်-အာဆီယံနိုင်ငံများနှင့်အတူ တူညီသောကံကြမ္မာအသိုင်းအဝိုင်းတည်ဆောက်ရေး" ဟူသော ခေါင်းစဉ်ဖြင့်ဆွေးနွေးပြီး တရုတ်နှင့်အာဆီယံနိုင်ငံများ ကျေးရွာဖွံ့ဖြိုးတိုးတက်စေခြင်းစီမံကိန်း၊ ကျေးရွာဆင်းရဲနွမ်းပါးလျှော့ချမှုမြင့်တင်ရေးစသည်များဆောင်ရွက်ရာတွင်ရရှိခဲ့သောအတွေ့အကြုံများ၊ လုပ်ထုံးလုပ်နည်းများနှင့်စံနမူနာများနှင့် အာရှနိုင်ငံများမှ ဆင်းရဲနွမ်းပါးလျှော့ချရေးတွင် ဆန်းသစ်သောပူးပေါင်းဆောင်ရွက်မှုအသစ်များကို မျှဝေပါသည်။

ပြုပြင်ပြောင်းလဲ တံခါးဖွင့်မှုဝါဒကျင့်သုံးခဲ့သည့် အနှစ်(၄၀)အတွင်း တရုတ်နိုင်ငံသည် လူဦးရေသန်း(၈၀၀)နီးပါးကို ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်စေပြီး ကမ္ဘာ့ဆင်းရဲနွမ်းပါးလျှော့ချရေးအတွက် အကျိုးသက်ရောက်မှု(၇၀%)ကျော်ရရှိစေခဲ့သည်။ အထူးသဖြင့်(၁၈)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီပြည်လုံးကျွတ်ညီလာခံကတည်းက ပါတီအထွေထွေအတွင်းရေးမှူး ရှီကျင့်ဖျင်အားဗဟိုထားသော ဗဟိုပါတီကော်မတီမှ(၂၀၂၀)ခုနှစ်တွင် ဆင်းရဲမွဲတေမှုလုံးဝပပျောက်ရေးကို ရည်မှန်းချက်ပန်းတိုင်အဖြစ် ဆင်းရဲမွဲတေမှုဖြေရှင်းရန်အတွက် လုပ်ဆောင်မည်ဟု ဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် တရုတ်နိုင်ငံနိုင်ငံတော်ကောင်စီဆင်းရဲနွမ်းပါးလျှော့ချမှုကော်မတီဒုတိယညွှန်ကြားရေးမှူးချိန်ကျိုကောင်းက အဆိုပါအတိုင်းပြောကြားပါသည်။

ဖိလစ်ပိုင်နိုင်ငံဆင်းရဲနွမ်းပါးလျှော့ချရေးကော်မတီ အထွေထွေအတွင်းရေးမှူးလီဆာမာဆာက တရုတ်နိုင်ငံ၏ဆင်းရဲနွမ်းပါးလျှော့ချရေးတွင် ရရှိခဲ့သော အောင်မြင်မှုများကို အထူးချီးမွမ်းခဲ့သည်။ ၎င်းရရှိသည့်အောင်မြင်မှုများအတွက် တရုတ်အစိုးရသည်တစိုက်မတ်မတ်ကြိုးပမ်းအားထုတ်သည့် ဆင်းရဲနွမ်းပါးလျှော့ချရေးကို လုပ်ဆောင်မည်ဟူသော ခိုင်မာသည့်ဆုံးဖြတ်ချက်နှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးမူဝါဒကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ခြင်းကြောင့်ဖြစ်သည်ဟု သူကပြောကြားသည်။

အာရှနိုင်ငံများ အထူးသဖြင့် တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ဆင်းရဲနွမ်းပါးလျှော့ချရေးတွင် ထူးခြားသော ပံ့ပိုးမှုများလုပ်ဆောင်ပေးခဲ့သည်ဟု တရုတ်နိုင်ငံအခြေစိုက် ကုလသမဂ္ဂညှိနှိုင်းရေးမှူး၊ တရုတ်နိုင်ငံအခြေစိုက် ကုလသမဂ္ဂဖွံ့ဖြိုးရေးနှင့် စီမံရေးဌာနကိုယ်စားလှယ် လောစီလီက မိန့်ခွန်းပြောခဲ့သည်။ တဖန်တရုတ်နိုင်ငံသည် ဆင်းရဲနွမ်းပါးလျှော့ချရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တိုင်းရင်းသားလူမျိုးစုရိုးရာယဉ်ကျေးမှုကာကွယ်စောင့်ရှောက်ရေးများကိုပေါင်းစည်းခြင်းဖြင့် ထိရောက်သောရလဒ်များရရှိခဲ့သော စံပြနမူနာများကို ဖော်ပြပြောဆိုသည်။

အာဆီယံနိုင်ငံများသည် ဆင်းရဲနွမ်းပါးလျှော့ချရေးတွင် ထူးခြားသော အောင်မြင်မှုများကို ရရှိခဲ့သော်လည်း အနာဂတ်တွင် စိန်ခေါ်မှုများရင်ဆိုင်ရန်လိုအပ်နေဆဲဖြစ်သည်ဟု ကိုယ်စားလှယ်များက ထင်မှတ်ကြောင်းပြောကြားသည်။ ယခုအကြိမ်ကျင်းပသောဖိုရမ်တွင် မိတ်ဆက်ဖော်ပြခဲ့သော ဆင်းရဲနွမ်းပါးလျှော့ချရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းမှတစ်ဆင့် "တရုတ်နိုင်ငံ၏ ဆင်းရဲနွမ်းပါးလျှော့ချရေးအဆိုပြုချက်ကို ကျွန်မတို့အပြည့်အဝနားလည်သိရှိခဲ့ပြီး တရုတ်နိုင်ငံ၏ ဆင်းရဲနွမ်းပါးလျှော့ချရေးမှ အောင်မြင်သော အတွေ့အကြုံများကို ကျွန်မတို့ အတုယူသင့်ပါသည်။"ဟု မာဆာကပြောကြားသည်။ "လူကိုငါးပေးခြင်းထက် ငါးဖမ်းခြင်းနည်းပညာသင်ပေးခြင်းက ပိုကောင်းသည်" ဟူသော တရုတ်ရှေးဆိုရိုးစကားရှိသည်။ ဖိလစ်ပိုင်နိုင်ငံသည် တရုတ်နိုင်ငံ၏ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အတွေ့အကြုံများကို သင်ယူရရန် ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်ရန်၊ ကျွန်မတို့ကို "ငါးဖမ်းနည်းပညာ" သင်ပေးနိုင်ရန်ဟု မျှော်လင့်နေပါကြောင်း မာဆာကဆက်လက်ပြောကြားသွားသည်။

(၂၀၁၄)ခုနှစ်အရှေ့အာရှဆင်းရဲနွမ်းပါးလျှော့ချရေး စံပြပူးပေါင်းဆောင်ရွက်မှုစီမံကိန်းအဆိုပြုချက်ကို တရုတ်နိုင်ငံမှတင်ပြပြီး(၂၀၁၇)ခုနှစ်တွင် လာအို၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးလျှော့ချမှုပူးပေါင်းဆောင်ရွက်ရေးစံပြစခန်းများကို ရှေ့ဆင့်နောက်ဆင့် တည်ဆောက်လာသည်။

ပြည်သူ့နေ့စဉ်သတင်းစာ

# တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနိုင်ငံ (၇၁)ကြိမ်မြောက် မဲခေါင်မြစ်ဝှမ်းတရားဥပဒေစိုးမိုးရေး ပူးတွဲကင်းလှည့်ခြင်းလုပ်ငန်း စတင်

တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနိုင်ငံ(၇၁)ကြိမ်မြောက် မဲခေါင်မြစ်ဝှမ်းတရားဥပဒေစိုးမိုးရေး ပူးတွဲကင်းလှည့်ခြင်းလုပ်ငန်းကိုဇွန်လ(၂၆)ရက်နေ့တရုတ်ကွမ်းလိပ်ဆိပ်ကမ်းတွင် ထွက်ခွာခဲ့သည်။




ပူးတွဲကင်းလှည့်ဥပဒေစိုးမိုးရေးအဖွဲ့သည် တရုတ်ကွမ်းလိပ်ဆိပ်ကမ်းမှ ထွက်ခွာပြီးလာအို-မြန်မာရေစီးကြောင်းဆုံရာလာအိုရှွေလက်ပံဆိပ်ကမ်းထိ စုစုပေါင်းခုတ်မောင်းသည့်ခရီးစဉ်မှာ (၂၅၆) ကီလိုမီတာရှည်ပါသည်။ ကွာဝေးသော တရုတ်-မြန်မာရေစီးကြောင်းဆုံရာဒေသနှင့် လာအို-မြန်မာရေစီးကြောင်းစုံရာဒေသများကို ဖြတ်သန်းသည်။ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း(၄)နိုင်ငံမှ တပ်မှူးနှင့် ဆက်ဆံရေးအရာရှိများကို တရုတ်နိုင်ငံတပ်မှူးနှင့်အတူ ကွပ်ကဲထိန်းချုပ်ရန်စေလွှတ်ခဲ့သည်။

ယခုရက်ပိုင်းမဲခေါင်းမြစ်မြစ်ဝှမ်းဒေသမူးယစ်ဆေးဝါးတိုက်ဖျက်ရေးအခြေအနေအရ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း(၄)နိုင်ငံမှ တရားဥပဒေစိုးမိုးရေးဌာန ကင်းလှည့်သည့်ကာလအတောအတွင်း ရွှေတြိဂံစသောဒေသများတွင် ပူးတွဲစုံစမ်းစစ်ဆေးဖမ်းဆီးခြင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအခြေအနေကို ကြော်ငြာခြင်းများ၊ တရားဥပဒေစိုးမိုးရေးရပ်တည်ချက်ကိုပူးတွဲသုတေသနပြုခြင်း၊ မဲခေါင်မြစ်မြစ်ဝှမ်းဒေသ မူးယစ်ဆေးဝါးပြစ်မှုတိုက်ဖျက်ရေးနှင့် ကာကွယ်တားဆီးရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများပြုလုပ်သည်။

လေးနိုင်ငံမှ တာဝန်ယူ၍စီမံခန့်ခွဲရေးဌာနတို့ရရှိထားသော သဘောတူညီချက်အရ လေးနိုင်ငံမှဥပဒေဘက်တော်သားအရာရှိများကို မြန်မာဝမ်းပုန်းသို့စေလွှတ်ပြီး (၂၀၁၈)ခုနှစ်ဒုတိယအကြိမ်မြောက် (၄)နိုင်ငံယဉ်ကျေးမှုဖလှယ်ရေးနှင့် အားကစားလှုပ်ရှားမှုကျင်းပကာ ဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်သူအချင်းချင်းနားလည်မှုများရရှိစေရန်နှင့် မဲခေါင်မြစ်မြစ်ဝှမ်းဒေသတရားဥပဒေစိုးမိုးရေးကင်းလှည့်ခြင်းကို မြှင့်တင်ရန် ရည်ရွယ်သည်။

ဆင်ဟွာသတင်း ရန်ကျင့်

# ယူနန်ပြည်နယ် နယ်ခြားတရုတ်ငွေဖြင့်စာရင်းချုပ်တွက်ချက်မှုမှာ ယွမ်ငွေ(၄၀၀)ဘီလီယံကျော်ရောက်ရှိ

ယခုနှစ်ပိုင်းတွင်ယူနန်ပြည်နယ်နယ်ခြားဖြတ်ကျော် တရုတ်ငွေဖြင့်စာရင်းချုပ်တွက်ချက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်လျှက်ရှိနေပါသည်။ ယခုလက်ရှိအချိန်ထိတစ်ပြည်နယ်လုံးနယ်ခြားဖြတ်ကျော်တရုတ်ငွေစာရင်းချုပ်တွက်ချက်မှုမှာ စုစုပေါင်း ယွမ်ငွေ (၄၀၀)ဘီလီယံကျော်ရှိကြောင်းကူ မင်းမြို့ပဌမအကြိမ်မြောက် တရုတ်-တောင်အာရှနိုင်ငံများကုန်စည်ပြပွဲတွင် သိရှိခဲ့ရသည်။

နယ်စပ်ဒေသတစ်လျှောက်ရှိနိုင်ငံများ ဘဏ္ဍာရေးပြုပြင်ပြောင်းလဲရေးတွင် အရေးပါသော တွန်းတင်လုပ်ငန်းရှင်နှင့် ပါဝင်လုပ်ငန်းရှင်အနေနှင့် တရုတ်ပြည်သူ့ဘဏ်ကူမင်းမြို့ဗဟိုဘဏ်ခွဲတစ်လျှောက်ရှိ ထိုင်းဘတ်ငွေ၊ ဒေါင်ငွေကိုတိုက်ရိုက်ပံ့ပိုးပေးနိုင်သော လမ်းကြောင်း၊ တရုတ်-လာအိုနှစ်ဦးနှစ်ဖက် ငွေစက္ကူနယ်ခြားသယ်ပို့နိုင်ရေးကိုဖြစ်မြောက်စေခဲ့သည်။ နယ်ခြားငွေအတုတိုက်ဖျက်ရေး(ကူမင်း)အလုပ်စင်တာ"ကို တည်ဆောက်ခဲ့သည်။ ယူနန်ပြည်နယ်နှင့်နိုင်ငံခြားဖြတ်ကျော်တရုတ်ငွေဖြင့် စာရင်းချုပ်တွက်ချက်မှုရှိသည့် မြန်မာ၊ ဗီယက်နမ်၊ လာအိုစသော(၃)နိုင်ငံ၏ စုစပေါင်းငွေပေးချေမှုပမာဏအချိုးအစားမှာ(၆၅.၀၄%)အထိရောက်ရှိခဲ့ပါသည်။

ဆင်ဟွားသတင်းဌာန